ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး**

ဒုတိယနေ့မှတ်တမ်း

**၁၃၇၈ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၃ ရက်**

**( ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၁၇ ရက် )**

**[ကြာသပတေးနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒုတိယနေ့အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်က စပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေးရဲ့ ဒုတိယနေ့အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒုတိယနေ့မှာ လွှတ်တော်အခွင့်အရေး ကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၁)ဦးရှိပြီး ဒီနေ့ အစည်းအဝေးကို (၂၀၄)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၉၂.၃၁) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာ ပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန် အစည်းအဝေးရဲ့ ဒုတိယနေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၄။**

**ဦးမောင်မောင်လတ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစား အပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ ၁၇-၁၁-၂၀၁၆ ရက်နေ့မှာ

အစည်းအဝေး သို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကိုယ်စား စစ်ကိုင်းတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အဖွဲ့ဝင်ဖြစ်သူ ကျွန်တော် ဦးမောင်မောင်လတ် က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ ဦးဇော်မင်း၊ စစ်ကိုင်းတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၆)၊ ပြည်ပခရီးစဉ်။ ဦးတင်အောင်ထွန်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)၊ ကျန်းမာရေး။ ဦးအောင်မျိုး၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ ကျန်းမာရေး။ ဒေါ်ထုမေ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ အလုပ်ရုံဆွေးနွေးပွဲတက်ရောက်။ ဒေါက်တာမြသောင်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)၊ အလုပ်ရုံဆွေးနွေးပွဲတက်ရောက်။ ဒေါက်တာတင်တင်ဝင်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)၊ အလုပ်ရုံဆွေးနွေးပွဲတက်ရောက်ရန်နှင့် ဒေါ်ရွှေရွှေစိန်လတ်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ အလုပ်ရုံဆွေးနွေးပွဲတက်ရောက်ရန်တို့ ဖြစ်ပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၁၀)ဦးနှင့် ယနေ့ ခွင့်ပန်ကြားသူ(၇)ဦးဖြစ်ပြီး စုစုပေါင်းခွင့်ပန်ကြားသူ (၁၇)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးအား လေးစားစွာဖြင့် တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်းကြေညာပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၂၂၁)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၀)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၇)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်းခွင့်ပြုထားသူ(၁၇)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကအတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**တိုင်းရင်းသားမျိုးနွယ်စုအသီးသီးမှ ကျင်းပပြုလုပ်သည့် နွေရာသီကျောင်းပြင်ပ စာပေယဉ်ကျေးမှု သင်တန်းများတွင် ရန်ပုံငွေ ပံ့ပိုးကူညီပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ**။ ။ ယခု ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါ်နန်းမိုးမိုးထွေး က တိုင်းရင်းသား မျိုးနွယ်စုအသီးသီးမှ ကျင်းပပြုလုပ်သည့် နွေရာသီကျောင်းပြင်ပ စာပေယဉ်ကျေးမှု သင်တန်းများတွင် ရန်ပုံငွေပံ့ပိုးကူညီပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၈။**

**ဒေါ်နန်းမိုးမိုးထွေး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ လာရောက်လေ့လာကြတဲ့ တိုင်းနဲ့ပြည်နယ်အသီးသီးမှ လွှတ်တော်ဥက္ကဋ္ဌများအားလုံး ရွှင်လန်းချမ်းမြေ့ကြပါစေလို့ ဆုတောင်း မေတ္တာပို့သအပ်ပါတယ်ရှင်။ ကျွန်မကတော့ ကရင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၄)မှ နန်းမိုးမိုးထွေး ဖြစ်ပါတယ်ရှင်။ ဥက္ကဋ္ဌကြီးထံမှတစ်ဆင့် မေးမြန်းလိုတဲ့ မေးခွန်းကတော့ တိုင်းရင်းသားမျိုးနွယ်စု အသီးသီးမှ ကျင်းပပြုလုပ်သည့် နွေရာသီကျောင်းပြင်ပ စာပေယဉ်ကျေးမှုသင်တန်းမှာ ရန်ပုံငွေ ပံ့ပိုး ပေးဖို့အစီအစဉ် ရှိ/မရှိဆိုတဲ့ မေးခွန်းပဲ ဖြစ်ပါတယ်ရှင်။ အခြေခံအကြောင်းပြချက်များအနေနဲ့ ကျွန်မတို့ နိုင်ငံတော်ဟာ လူမျိုးတစ်မျိုး ဘာသာစကားတစ်ရပ်တည်းဖြင့် ဖွဲ့စည်းတည်ထောင်ထားတဲ့နိုင်ငံ

မဟုတ်ဘဲ ဘာသာစကား၊ ဓလေ့ထုံးတမ်းယဉ်ကျေးမှု၊ ကိုးကွယ်သည့်ဘာသာအမျိုးမျိုး ပိုင်ဆိုင်ထားကြတဲ့ တိုင်းရင်းသား မျိုးနွယ်စုပေါင်းများစွာဖြင့် ဖွဲ့စည်းထားတဲ့ ပြည်ထောင်စုမြန်မာနိုင်ငံတော် တစ်ရပ် ဖြစ်ပါတယ်။

တိုင်းရင်းသားမျိုးနွယ်စုပေါင်း အဓိကအုပ်စု (၈)စု၊ မျိုးနွယ်စုဝင်(၁၀၀)ကျော် အခြေချနေထိုင်တဲ့ နိုင်ငံတော်တစ်ရပ်လည်း ဖြစ်ပါတယ်ရှင်။ ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်မှ ပြဋ္ဌာန်းပေးခဲ့တဲ့ တိုင်းရင်းသားလူမျိုးများ၏အခွင့်အရေးကာကွယ်စောင့်ရှောက်သည့်ဥပဒေ အခန်း(၃)၊ အပိုဒ် ၄(ခ)အရ မိမိတို့၏စကား၊ စာပေတို့ကို နိုင်ငံတော်၏ ပညာရေးမူဝါဒကို ထိခိုက်မှုမရှိဘဲ သင်ကြားခွင့်နှင့် သင်ယူခွင့်ရှိသည် ဆိုသည့်အတိုင်း တိုင်းရင်းသားဒေသရှိစာသင်ကျောင်းတွေမှာ တိုင်းရင်းသားစာပေကို ကျောင်းပြင်ပအချိန်မှာ သင်ကြားခွင့်ရခဲ့ကြပြီး ဖြစ်ပါတယ်ရှင်။ သို့သော်လည်းပဲ စာပေတစ်ခုတည်းသာ သင်ကြားခြင်းဖြစ်ပြီးတော့ ရိုးရာယဉ်ကျေးမှုများ သင်ကြားခြင်းမရှိပါဘူး။ ဒါကြောင့်မို့လို့ ရိုးရာ၊ စာပေ၊ ယဉ်ကျေးမှုများကို ထိန်းသိမ်းမြှင့်တင်နိုင်ဖို့အတွက် တိုင်းရင်းသားမျိုးနွယ်စု အသီးသီးတွေဟာ နွေရာသီကျောင်းပိတ်ရက်တွေမှာ မိမိတို့ရဲ့ တိုင်းရင်းသားစာပေယဉ်ကျေးမှု သင်တန်းတွေကို ဘာသာရေးခေါင်းဆောင်များ၊ စာပေယဉ်ကျေးမှုအသင်းကနေဦးဆောင်ပြီးတော့ ကိုယ့်နည်းကိုယ့်ဟန်ဖြင့် သင်ကြားခဲ့ကြရပြီး ယခုလည်းနှစ်စဉ်နွေရာသီကျောင်းပိတ်ရက်ရောက်တိုင်း ဆက်လက်သင်ကြားနေရလျက်ရှိပါတယ်။

ဒါကြောင့်မို့လို့ ကိုယ့်နည်းကိုယ့်ဟန်ဖြင့် သင်ကြားကြရာမှာလည်း နေရာအခက်အခဲနဲ့ ရန်ပုံငွေအခက်အခဲတွေ ကြုံတွေ့နေရတာဖြစ်ပါတယ်။ တိုင်းရင်းသားလူမျိုးများရဲ့ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့်ဥပဒေ အခန်း(၅)၊ အပိုဒ် ၁၃ မှာ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်ဝန်ကြီးဌာနသည် သက်ဆိုင်ရာ တိုင်းရင်းသားရေးရာကိစ္စရပ်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ ရသုံးခန့်မှန်းခြေငွေစာရင်းတွင် နှစ်စဉ်ထည့်သွင်းရေးဆွဲရမည်ဟုလည်း ပါရှိပါတယ်။ ဒါကြောင့်မို့လို့ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနအနေဖြင့် တိုင်းရင်းသားမျိုးနွယ်စုအသီးသီးမှ ကျင်းပပြုလုပ်တဲ့ နွေရာသီ စာပေယဉ်ကျေးမှုသင်တန်းများအား စာသင်ကျောင်းများတွင် တရားဝင် ကျင်းပပြုလုပ်သင်ကြားနိုင်ရေးနဲ့ အစိုးရမှအပြည့်အဝ မဟုတ်သည့်တိုင် အလေးထား အသိမှတ်ပြုတဲ့အနေဖြင့် ရန်ပုံငွေ-------(သြဘာသံများ)

**အချိန်၊ ၁၀း၁၁။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ပတ်သက်ပြီး တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၁။**

**နိုင်သက်လွင် (ပြည်ထောင်စုဝန်ကြီး၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသောအမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်များ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း ရှေးဦးစွာဆုတောင်းမေတ္တာပို့သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ နိုင်သက်လွင်

ဖြစ်ပါတယ်။ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းမိုးမိုးထွေး၏ တိုင်းရင်းသားမျိုးနွယ်စုအသီးသီးမှ ကျင်းပပြုလုပ်သည့် နွေရာသီကျောင်းပြင်ပ စာပေယဉ်ကျေးမှုသင်တန်းများတွင် ရန်ပုံငွေပံ့ပိုးကူညီပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်းနှင့်ပတ်သက်ပြီး ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ၏ အခန်း(၁)၊ အပိုဒ် ၂၂(က)တွင် နိုင်ငံတော်သည် တိုင်းရင်းသားများ၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုတို့ကို ဖွံ့ဖြိုး တိုးတက်စေရန် ကူညီဆောင်ရွက်မည်ဟူသောပြဋ္ဌာန်းချက်နဲ့အညီ ရိုးရာယဉ်ကျေးမှုကိုမြှင့်တင်ရန် တိုင်းရင်းသားမျိုးနွယ်စု အသီးသီးတို့သည် နွေရာသီကျောင်းပိတ်ရက်များတွင် မိမိတို့၏ တိုင်းရင်းသား စာပေ၊ ယဉ်ကျေးမှုသင်တန်းများ ဖွင့်လှစ်သင်ကြားပေးခြင်းတို့ကို အထူးကြိုဆိုပါကြောင်းနဲ့ ထိုသို့ သင်တန်းများ ဖွင့်လှစ်ခြင်းကို အားပေးကူညီဆောင်ရွက်ရမည် ဖြစ်ပါတယ်။

ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းမိုးမိုးထွေး ၏ မေးခွန်းတွင်ပါရှိသည့်အတိုင်း ဤကဲ့သို့သော နွေရာသီတိုင်းရင်းသားစာပေ၊ ယဉ်ကျေးမှုသင်တန်း များကို တိုင်းများနှင့် ပြည်နယ်တွင် တရားဝင်ကျင်းပပြုလုပ်နိုင်ရန် လိုအပ်သည့်ရန်ပုံငွေ အပြည့်အဝ မဟုတ်သည့်တိုင် အသိအမှတ်ပြုပံ့ပိုးပေးနိုင်ရေးအတွက် တိုင်းရင်းသားလူမျိုးများ၏အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့်ဥပဒေ အခန်း(၅)၊ အပိုဒ် ၁၃ ပါ ပြဋ္ဌာန်းချက်နဲ့အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ၏ ရသုံးခန့်မှန်းခြေငွေစာရင်းတွင် နှစ်စဉ် ထည့်သွင်းရေးဆွဲရန် လိုအပ်မည် ဖြစ်ပါသည်။ ထိုသို့ တိုင်းရင်းသားလူမျိုးများ၏အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့်ဥပဒေတွင် ပြဋ္ဌာန်းထားသော်လည်း ဥပဒေပြဋ္ဌာန်းပြီးတဲ့နောက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်နဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်များအတွက် ရန်ပုံငွေများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရများက ထည့်သွင်း တောင်းခံခဲ့ခြင်းမရှိသဖြင့် ယခုကဲ့သို့ တိုင်းရင်းသားရေးရာကိစ္စရပ်များကို ဆောင်ရွက်ရန် အခက်အခဲရှိကြောင်း သိရှိရပါတယ်။

သို့ဖြစ်၍ ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်အတွက် သက်ဆိုင်ရာ တိုင်းရင်းသားရေးရာ ကိစ္စရပ်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ဥပဒေပါပြဋ္ဌာန်းချက်နဲ့အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၏ ရသုံးမှန်းခြေငွေစာရင်းတွင် ထည့်သွင်းတွက်ချက် တောင်းခံမှု ပြုသွားနိုင်ရန် ၂၀၁၆ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်နေ့တွင်လည်းကောင်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် တွင် ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် သက်ဆိုင်ရာ တိုင်းရင်းသားရေးရာကိစ္စရပ်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရများ၏ ဖြည့်စွက်ခွင့်ပြုရန်ပုံငွေတောင်းခံရာတွင် လိုအပ်သလိုထည့်သွင်းတွက်ချက်တောင်းခံမှု ပြုသွားနိုင်ရန် ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်နေ့တွင်လည်းကောင်း၊ တိုင်းရင်းသားလူမျိုးများရေးရာဌာနက ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရများသို့ စာဖြင့် ညှိနှိုင်းအကြောင်းကြားခဲ့ပါတယ်။

ထို့အပြင် မေးခွန်း၌ပါရှိသည့် တိုင်းရင်းသားမျိုးနွယ်စုအသီးသီး၏ နွေရာသီစာပေ၊ ယဉ်ကျေးမှုသင်တန်းများကို စာသင်ကျောင်းများတွင် တရားဝင်ပြုလုပ်နိုင်ရေးနဲ့ ထိုက်သင့်သည့်ရန်ပုံငွေ ပံ့ပိုးပေးနိုင်ရေးကို ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်နေ့တွင် ပြုလုပ်ခဲ့သည့် တိုင်းရင်းသားလူမျိုး

များရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးနှင့်ပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီးများ ညှိနှိုင်းအစည်းအဝေးတွင် ထည့်သွင်းဆွေးနွေး တိုက်တွန်းခဲ့ပြီး ဖြစ်ပါတယ်။ တိုင်းရင်းသားစာပေ၊ ယဉ်ကျေးမှုသင်တန်းများကို စာသင်ကျောင်းများတွင် တရားဝင် ကျင်းပပြုလုပ် သင်ကြားရေးနဲ့ ပတ်သက်၍ ပညာရေးဝန်ကြီးဌာနက ၂၀၁၆-၂၀၂၁ National Education Strategic Plan(NESP 2016-2021) သည် နိုင်ငံတော်ကို တိုင်းရင်းသားအားလုံး၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ ရိုးရာဓလေ့နှင့်သမိုင်းအမွေအနှစ်များ၏ အနှစ်သာရများကို ထောက်ပံ့မြှင့်တင်ပေးနိုင်ရန် အဓိကရည်ရွယ်ချက်ထားရှိသည့်အတွက် အဆင်ပြေစွာ ညှိနှိုင်းဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့် ဥပဒေ၏ ရည်ရွယ်ချက်တစ်ခုဖြစ်သည့် တိုင်းရင်းသားလူမျိုးများ၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှု၊ ရိုးရာဓလေ့၊ ထုံးတမ်း အမျိုးသားရေးလက္ခဏာနှင့် သမိုင်းအမွေအနှစ်တို့ကို ထိန်းသိမ်းစောင့်ရှောက်ရန်၊ ဖွံ့ဖြိုးတိုးတက်စေရန် ဆိုသည့်အချက်နှင့်အညီ တိုင်းရင်းသားလူမျိုးနွယ်စု အသီးသီးက နွေရာသီစာပေ ယဉ်ကျေးမှု သင်တန်းများကို အခြေခံပညာကျောင်းများ၌ သင်ကြားနိုင်ရေးအတွက် တိုင်းဒေသကြီး/ ပြည်နယ်အဆင့်တွင် ပညာရေးဌာနနှင့် ပေါင်းစပ်ဆောင်ရွက်သွားရေး၊ သင့်တင့်သည့် ရန်ပုံငွေကို ပံ့ပိုးချီးမြှင့်နိုင်ရေးအတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ၏ ရသုံးမှန်းခြေငွေစာရင်းတွင် နှစ်စဉ်ထည့်သွင်းရေးဆွဲရေးတို့ကို စီမံဆောင်ရွက်နိုင်ရန် လုပ်ထုံးလုပ်နည်းနဲ့အညီဝန်ကြီးဌာနက ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှတစ်ဆင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ အသီးသီးသို့ အကြောင်းကြားနိုင်ရေး အတွက် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ တင်ပြ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်း ဖြေကြားအပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**စစ်ကိုင်းမြို့ရှိ မ,တစ်လုံးကျေဆရာတော် တောင်တွင်းပုဂ္ဂိုလ်ကျော်ခင်ကြီးဖျော်၏ အထိမ်းအမှတ် လောကမဥ္ဇူဘုရားကုန်းအား သမိုင်းမှတ်တမ်းအနေဖြင့်လည်းကောင်း၊ ရှေးဟောင်းယဉ်ကျေးမှု သမိုင်းအမွေအနှစ်တစ်ရပ်အနေဖြင့်လည်းကောင်း ထိန်းသိမ်းစောင့်ရှောက်ရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၁၉။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျော်သောင်း က စစ်ကိုင်းမြို့ရှိ မ,တစ်လုံးကျေဆရာတော် တောင်တွင်းပုဂ္ဂိုလ်ကျော်ခင်ကြီးဖျော်၏ အထိမ်းအမှတ် လောကမဥ္ဇူဘုရားကုန်းအား သမိုင်းမှတ်တမ်းအနေဖြင့်လည်းကောင်း၊ ရှေးဟောင်း ယဉ်ကျေးမှု သမိုင်းအမွေအနှစ်တစ်ရပ်အနေဖြင့်လည်းကောင်း ထိန်းသိမ်းစောင့်ရှောက်ရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၉။**

**ဦးကျော်သောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ကြွရောက်လာကြတဲ့ပုဂ္ဂိုလ်များ၊ အားလုံး မင်္ဂလာပါလို့ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော် ကတော့ စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)က အမျိုးသားလွှတ်တော်

ကိုယ်စားလှယ် ဦးကျော်သောင်း ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့် မေးခွန်းက မ,တစ်လုံးကျေဆရာတော် တောင်တွင်းပုဂ္ဂိုလ်ကျော် ခင်ကြီးဖျော်၏ အထိမ်းအမှတ် လောကမဥ္ဇူဘုရားကုန်းအား ထိန်းသိမ်းစောင့်ရှောက်ရန် အစီအစဉ် ရှိ/မရှိပဲ ဖြစ်ပါတယ်။

ဒီမေးခွန်း မေးမြန်းရတဲ့အကြောင်းရင်းကတော့ စစ်ကိုင်းမြို့ မုံရွာ-မန္တလေး အဝေးပြေးလမ်းမကြီးရဲ့နံဘေး ယာဉ်ရပ်နားစခန်းရဲ့ အတွင်းဘက်မှာ မြန်မာစာပေသမိုင်း၊ မြန်မာ့သမိုင်းမှာ ထင်ရှားကျော်ကြားတော်မူတဲ့ ဉာဏသဒ္ဓမ္မလင်္ကာရမဟာရာဇဂုရု ဘွဲ့တံဆိပ်တော်ရ တောင်တွင်းပုဂ္ဂိုလ်ကျော်၊ မ,တစ်လုံးကျေဆရာတော် ခင်ကြီးဖျော်၏ အထိမ်းအမှတ် ဘုရားကုန်းတစ်ခု ရှိပါတယ်။ အဲ့ဒီဘုရားကုန်းရဲ့အမည်က လောကမဥ္ဇူဘုရားကုန်း ဖြစ်ပါတယ်။ သက္ကရာဇ် ၁၁၂၄ ခုနှစ်၊ စစ်ကိုင်းမြို့တည် နန်းတည် နောင်တော်ကြီးမင်းလက်ထက် မသိမတတ်သောအရာမရှိ၊ မကာရလောပ မ,တစ်လုံးကျေဆရာတော် ခင်ကြီးဖျော်ဟု ကျော်ကြားတော်မူတဲ့ တောင်တွင်းဆရာတော် ဉာဏသဒ္ဓမ္မလင်္ကာရ မဟာရာဇဂုရုဘွဲ့ခံ ခင်ကြီးဖျော်ဟာ သက္ကရာဇ် ၁၁၂၄ ခုနှစ်၊ စစ်ကိုင်းမြို့မှာ ပျံလွန်တော်မူခဲ့ပါတယ်။ ဆရာတော်ရဲ့ ဥတုဇရုပ်ကလာပ်ကို ဒကာရင်းဖြစ်တဲ့ နောင်တော်ကြီးမင်းက ပြသာဒ်ကိုးဆောင်၊ ရထားကိုးဆူ ခြံရံပြီးတော့ ထီးဖြူလေးစင်းအုပ်မိုးကာ သင်္ဂြိုဟ်တော်မူခဲ့ပါတယ်။

ဆရာတော်အား သင်္ဂြိုဟ်တော်မူတဲ့နေရာမှာ ဆရာတော်ရဲ့ အသုံးအဆောင်၊ ပရိက္ခရာတို့နဲ့ တကွ ဓာတ်တော် မွေတော်များ၊ ဆင်းတုတော်များ ဌာပနာကာ အထိမ်းအမှတ်စေတီအဖြစ် တည်ထားခဲ့ပါတယ်။ စေတီတော်ကို သက္ကရာဇ် ၁၁၂၄ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၉ ရက်နေ့မှာ စတင် တည်ထားပြီးတော့ လောကမဥ္ဇူဘုရားဟု ဘွဲ့အမည် သမုတ်ခဲ့ပါတယ်။ လောကမဥ္ဇူဘုရားမှာ စိုက်ထူထားတဲ့ ကျောက်စာတိုင်နှစ်တိုင်ကို ယခုအခါ စစ်ကိုင်းထူပါရုံကျောက်စာတိုက်မှာ ကျောက်စာတိုင်အမှတ် (၃၂)နဲ့ (၃၈)အဖြစ် စိုက်ထူထိန်းသိမ်းထားပါတယ်။

အဆိုပါကျောက်စာတိုင် (၂)တိုင်ကို ၁၉၀၀ ပြည့်နှစ်၊ အင်းဝတံတားကြီး မီးရထားလမ်း ဖောက်လုပ်စဉ် နယ်နိမိတ်မလွတ်လို့ယူဆခဲ့သဖြင့် ကျောက်စာတိုက်သို့ ပြောင်းရွှေ့ထားခြင်းဖြစ်ပါတယ်။ တံတားကြီးဖောက်လုပ်စဉ် လမ်းနယ်နိမိတ်မလွတ်ကင်းဟုသတ်မှတ်ထားတဲ့ လောကမဥ္ဇူဘုရားကုန်းဟာလည်း ဖျက်ဆီးရာတွင် မပါဝင်ခဲ့ပါဘူး။ ယခုအခါတွင် မ,တစ်လုံးကျေဆရာတော် ခင်ကြီးဖျော်ရဲ့ အထိမ်းအမှတ် လောကမဥ္ဇူဘုရားကုန်းမှာ ထိန်းသိမ်းစောင့်ရှောက်သူ ကင်းမဲ့ခဲ့သဖြင့် ဘုရားကုန်း အုတ်ပုံဘဝသို့ ရောက်ရှိနေခဲ့ပါတယ်။ ယခင်အစိုးရများလက်ထက် စစ်ကိုင်းမြို့မသုသာန်နဲ့ အစ္စလာမ် သုသာန်တို့အား ယာဉ်ရပ်နားစခန်းအဖြစ် ပြောင်းလဲ ဖွင့်လှစ်တဲ့အခါမှာ လောကမဥ္ဇူဘုရားကုန်းဟာ ကားကြီးဝင်းအတွင်း ပါဝင်သွားခဲ့ပါတယ်။ ယခုအခါ အဆိုပါ ခင်ကြီးဖျော်ရဲ့အထိမ်းအမှတ် လောကမဥ္ဇူဘုရားကုန်းအနီးမှာ လူနေအဆောက်အဦများ ဆောက်လုပ်လျက်ရှိရာ မကြာမီမှာ သမိုင်းအမွေအနှစ်၊ ယဉ်ကျေးမှုအမွေအနှစ်တစ်ခုဖြစ်တဲ့ လောကမဥ္ဇူဘုရားကုန်း ပျောက်ကွယ်ပျက်စီးတော့မယ့် အခြေအနေနဲ့ ရင်ဆိုင်နေရပါတယ်။

သို့ဖြစ်ပါ၍ ပြည်ထောင်စုအစိုးရ သာသနာရေးနဲ့ ယဉ်ကျေးမှုဝန်ကြီးဌာန အနေဖြင့် အလေးအမြတ်ပြုအပ်သည့် မ,တစ်လုံးကျေဆရာတော် တောင်တွင်းပုဂ္ဂိုလ်ကျော် ခင်ကြီးဖျော်၏ အထိမ်းအမှတ် လောကမဥ္ဇူဘုရားကုန်းအား သမိုင်းမှတ်တမ်းအနေဖြင့်လည်းကောင်း၊ ရှေးဟောင်း

ယဉ်ကျေးမှု သမိုင်းအမွေအနှစ်တစ်ရပ်အနေဖြင့်လည်းကောင်း ထိန်းသိမ်းစောင့်ရှောက်ရန် အစီအစဉ် ရှိ/မရှိကို သိလိုပါသဖြင့် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၂၂။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ပတ်သက်ပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၂။**

**သူရဦးအောင်ကို (ပြည်ထောင်စုဝန်ကြီး၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန)။** ။ ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့ကိုယ်စားလှယ်ကြီးများ၊ ဧည့်သည်တော်များ ကိုယ်စိတ်နှစ်ဖြာ ရွှင်လန်းချမ်းမြေ့ပါစေလို့ ဂါရဝပြုဆုမွန်တောင်းပါတယ်။ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးအနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁) အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီး ဦးကျော်သောင်း ရဲ့ ကြယ်ပွင့်ပြမေးခွန်းကို ပြန်လည်ဖြေကြား တင်ပြသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လောကမဥ္စူဘုရားကုန်းသည် စစ်ကိုင်းမြို့၊ မန္တလေး-ရွှေဘို ကားလမ်းရဲ့ လက်ယာဘက်ဘေး စည်ပင်သာယာရေးတိုက်ခန်းရဲ့ အနောက်ဘက်မှာ ကပ်လျက်တည်ရှိနေပါတယ်။ အဲဒီ အဆိုပါစေတီကုန်းသည် ချုံနွယ်များဖုံးအုပ်ပြီးတော့မှ အုတ်ကုန်းသာသာမျှသာ ကျန်ရှိနေကြောင်းလည်း မြေပြင်ကွင်းဆင်းအဖွဲ့များရဲ့ တင်ပြချက်အရသိရှိရပါတယ်။ အဆိုပါ စေတီကုန်းနဲ့ပတ်သက်လို့ သမိုင်းဆိုင်ရာ အထောက်အထားကျောက်စာများကို စစ်ကိုင်းမြို့ ထူပါရုံကျောက်စာရုံအတွင်းမှာရှိတဲ့ ကျောက်စာတိုင်အမှတ် (၃၂)နဲ့ (၃၈)မှာ ဖော်ပြထားကြောင်းလည်း ကျောက်စာပါ အထောက်အထားများအရ လောကမဥ္စူအထိမ်းအမှတ်စေတီသည် လွန်ခဲ့သောနှစ်ပေါင်း (၂၅၃)နှစ်၊ ကောဇာသက္ကရာဇ် ၁၁၂၅ ခုနှစ်တွင် တည်ထားခဲ့တဲ့ စေတီကုန်းဖြစ်သည်ကို လေ့လာတွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုပါ စစ်ကိုင်းမြို့မှာရှိတဲ့ မ,တစ်လုံးကျေဆရာတော် တောင်တွင်းပုဂ္ဂိုလ်ကျော် ခင်ကြီးဖျော်ရဲ့အထိမ်းအမှတ် လောကမဥ္စူဘုရားကုန်းကို သမိုင်းမှတ်တမ်းအနေဖြင့်လည်းကောင်း၊ ရှေးဟောင်းယဉ်ကျေးမှု သမိုင်းအမွေအနှစ်တစ်ရပ်အနေဖြင့်လည်းကောင်း ထိန်းသိမ်းစောင့်ရှောက်ရန် အစီအစဉ် ရှိ/မရှိ မေးမြန်းတဲ့ မေးခွန်းနဲ့ စပ်လျဉ်းပြီးတော့မှ လောကမဥ္စူဘုရားကုန်းသည် ၂၀၁၅ ခုနှစ်၊ ရှေးဟောင်းအဆောက်အအုံများ ကာကွယ်ထိန်းသိမ်းရေးဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (က)တွင် ပြဋ္ဌာန်းထားတဲ့ ရှေးဟောင်းအဆောက်အအုံဆိုသည်မှာ မြေပေါ်တွင်ဖြစ်စေ၊ မြေအောက်တွင်ဖြစ်စေ၊ ရေပေါ်တွင်ဖြစ်စေ၊ ရေအောက်တွင်ဖြစ်စေ နှစ်ပေါင်း(၁၀၀)နှင့်အထက် သက်တမ်းရှိတဲ့ ကျောက်ဖြစ်ရုပ်ကြွင်းများတွေ့ရှိရာ ဘူမိဗေဒပတ်ဝန်းကျင်နေရာများအပါအဝင် လူသားတို့ နေထိုင်ပြုလုပ် သုံးစွဲတည်ဆောက်ခဲ့သည့် အဆောက်အအုံနေရာများကို ဆိုလိုသည်လို့ ပြဋ္ဌာန်းထားရှိပါတယ်။ အဲဒီပြဋ္ဌာန်းချက်အရ အကျုံးဝင်တဲ့ ရှေးဟောင်းစေတီကုန်းဖြစ်ပါတယ်။ သို့သော်လည်း လောလောဆယ်တွင် အဲဒီဥပဒေရဲ့ ပုဒ်မ ၂၊ ပုဒ်မခွဲ(ခ)မှာ ရှေးဟောင်းစာရင်းဝင်အဆောက်အအုံဆိုသည်မှာ ကျွန်တော်

တို့ဝန်ကြီးဌာနကနေပြီးတော့မှ အမိန့်ကြော်ငြာစာထုတ်ပြန်ပြီးတော့မှ သတ်မှတ်ထားတဲ့ ရှေးဟောင်းအဆောက်အအုံများ၏စာရင်းတွင်ပါဝင်သော အဆောက်အအုံများကိုသာ ဆိုလိုသည်လို့ ကျွန်တော်တို့ ထပ်ဆင့်ပြဋ္ဌာန်းထားချက်အရ စစ်ကိုင်းမြို့မှာရှိတဲ့ အဲဒီဇယားဝင် ထိန်းသိမ်းစောင့်ရှောက်ထားတဲ့ ရှေးဟောင်းအဆောက်အအုံစာရင်းဝင်အဖြစ် သတ်မှတ် ထိန်းသိမ်းထားခြင်း မရှိသေးပါကြောင်း ဖြေကြားလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လောကမဉ္ဇူစေတီကုန်းကို ရှေးဟောင်းအဆောက်အအုံ စာရင်းဝင်အဖြစ်နဲ့ သတ်မှတ်မယ်ဆိုပါက အဲဒီပရဝုဏ်အတွင်းမှာ ဆောင်ရန်၊ ရှောင်ရန် စည်းကမ်းချက်များစွာ ရှိပါတယ်။ ဒါတွေကို ကျွန်တော်တို့ ပြန်လည်လိုက်နာ ဖော်ဆောင်ဖို့ လိုအပ်မှာဖြစ်ပါတယ်။ အဲဒီလို ဖော်ဆောင်တဲ့အခါမှာ ပြည်သူလူထုအတွက် အခက်အခဲများစွာလည်း ကြုံတွေ့လာနိုင်ပါတယ်။ နောက်ပြီးတော့လည်း ဆောက်ထားတဲ့ အဆောက်အဦတွေကို ပေ(၉၀)၊ ပေ(၁၀၀)အပြင်ကွာအောင် ရွှေ့ရတာအပါအဝင် စည်းကမ်းသတ်မှတ်ချက်များအတိုင်း လုပ်တဲ့အခါမှာလည်း ကျွန်တော်တို့ ပုဂံ သက်သေအရ အခက်အခဲများ တွေ့ရှိရပါတယ်။ အဲဒီအခါမှာ ကျွန်တော်တို့ ပြည်သူလူထုအတွက် အခက်အခဲမဖြစ်စေဖို့ ခုနဒေသခံပြည်သူလူထုတို့၊ နောက်တစ်ခါ သက်ဆိုင်အဖွဲ့အစည်းတွေကတစ်ဆင့် လိုက်နာရမယ့် ဆောင်ရန်၊ ရှောင်ရန် စည်းကမ်းချက်များကို ပထမအဆင့် အသိပေးစည်းရုံး ပညာပေးခြင်း၊ နောက် ယဉ်ကျေးမှုအမွေအနှစ်များကို ချစ်ခင်မြတ်နိုး တန်ဖိုးထားလာနိုင်စေရန် အသိပေး ဆောင်ရွက်ခြင်းများ ဦးစွာ ပြုလုပ်ရမှာဖြစ်ပါတယ်။

ကျွန်တော်တို့ ရွှေ့ပြောင်းသင့်၊ ဖယ်ရှားသင့်တဲ့ အဆောက်အဦများကိုလည်း သတ်မှတ်တဲ့ အတိုင်းအတာအပြင်ရောက်အောင် ကျွန်တော်တို့ ရွှေ့ပြောင်းရမှာ ဖြစ်ပါတယ်။ အဲဒီလိုအဆင့် ဆောင်ရွက်ပြီးမှသာလျှင် ကျွန်တော်တို့ ထုတ်ပြန်ထားတဲ့ ဥပဒေ၊ နည်းဥပဒေများအတိုင်း ဆောင်ရွက်ပြီးတော့မှ ယဉ်ကျေးမှုအမွေအနှစ်စာရင်းကို တင်သွင်းနိုင်မှာဖြစ်ကြောင်းလည်း ဒီမှာ တင်ပြဖြေကြားလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ လက်ရှိပေါ့၊ နိုင်ငံတော်အနေနဲ့ နိုင်ငံတော်အစိုးရမှာလည်းပဲ ဘဏ္ဍာငွေကန့်သတ်ချက် ကြီးမားစွာရှိပါတယ်။ ရှိပြီးတော့ တစ်ဖက်ကလည်း အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ပြည်တွင်းငြိမ်းချမ်းရေးကို ဦးစားပေး ဖော်ဆောင်နေရတဲ့ကာလဖြစ်ပြီးတော့မှ အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့အတူ ခုနဒေသဖွံ့ဖြိုးရေး၊ ပြည်ထောင်စုအတွင်းမှာရှိတဲ့ တိုင်းရင်းသားညီနောင်မောင်နှမများရဲ့ လူမှုစီးပွားရေးဘဝ ပြန်လည်မြင့်မားရေးအတွက်ကို ဟန်ချက်ညီ တည်ဆောက်ရမယ့်ကာလဖြစ်နေတာမိုလို့ အခု ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ တူးဖော်လက်စ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်နေရာများကိုတောင်မှ လတ်တလော ရပ်တန့်ထားရပါတယ်။ ကျွန်တော်တို့ ဒီပြည်ထောင်စုအတွင်းမှာ မြေပြန့်ဒေသများသာမကဘဲနဲ့ ပြည်နယ်များမှာလည်းပဲ ခုန ပြည်နယ်တိုင်းရင်းသားတို့ရဲ့ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ ဖော်ထုတ်စရာတွေ များစွာကျန်ရှိနေပါသေးတယ်။ ဒါတွေကို ကျွန်တော်တို့ နိုင်ငံတော်ဘဏ္ဍာငွေ အဆင်ပြေလာတဲ့အချိန်ခဏမှာ ဦးစားပေး စာရင်း သတ်မှတ်ပြီးတော့မှ ဆက်လက်ဖော်ဆောင်သွားဖို့လည်း အစီအစဉ်ရှိပါတယ်။

သို့ပါ၍ လောကမဉ္ဇူစေတီကုန်းကို လက်ရှိအခြေအနေမှာ ၁၉၉၈ ခုနှစ်၊ ယဉ်ကျေးမှုအမွေအနှစ်များ ကာကွယ်ထိန်းသိမ်းမှုဥပဒေအရ ရှေးဟောင်းအဆောက်အအုံ တည်ရှိရာဇုန်အဖြစ်

သတ်မှတ် ထိန်းသိမ်းရန် အစီအစဉ် မရှိသေးပါကြောင်း၊ သို့သော်လည်းပဲ ၂၀၁၅ ခုနှစ်၊ ရှေးဟောင်းအဆောက်အအုံများ ကာကွယ်ထိန်းသိမ်းရေးဥပဒေအရ အကျုံးဝင်နေတာမို့လို့ အဲဒီဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်ခြင်းများကို ဒေသခံအုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဂေါပကအဖွဲ့များ၊ ပြည်သူများကနေပြီးမှ ကြိုတင်ဆောင်ရွက်ထားနိုင်ပါကြောင်း၊ အထက်ပါလုပ်ငန်းများ ဆောင်ရွက်ပြီးပါက ခုန ကျွန်တော်တင်ပြခဲ့တဲ့အတိုင်းပဲ နိုင်ငံတော်ဘဏ္ဍာငွေ အခြေအနေပေးတဲ့အချိန်အခါမှာ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ် ဇုန်အဖြစ်နဲ့ ဆက်လက်ဖော်ထုတ် ထိန်းသိမ်းသွားနိုင်မည်ဖြစ်ပါကြောင်း လေးစားစွာ ဖြေကြား တင်ပြအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**အချိန်၊ ၁၀း၂၉။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်သုံးဦး မေးမြန်းသည့် မေးခွန်းများသည် ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးတစ်ဦးတည်းက ဖြေကြားရမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးကတစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းရှိ ဝေးလံခေါင်သီပြီး ရေလမ်းခရီးကိုသာ အဓိကထား သွားလာနေရသည့် ကလေးဝမြို့နယ်၊ မင်းကင်းမြို့နယ်၊ မော်လိုက်မြို့နယ်များတွင် တာဝန်ထမ်းဆောင်နေရသည့် နိုင်ငံ့ဝန်ထမ်းများအတွက် ထိုက်သင့်သော ဒေသစရိတ်ခံစားခွင့်ရမြို့နယ်များအဖြစ် ထပ်မံဖြည့်စွက်သတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၉။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာစစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကိုကိုနိုင် က စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းရှိ ဝေးလံခေါင်သီပြီး ရေလမ်းခရီးကိုသာအဓိကထားသွားလာနေရသည့် ကလေးဝမြို့နယ်၊ မင်းကင်းမြို့နယ်၊ မော်လိုက်မြို့နယ်များတွင် တာဝန်ထမ်းဆောင်နေရသည့် နိုင်ငံ့ဝန်ထမ်းများအတွက် ထိုက်သင့်သော ဒေသစရိတ်ခံစားခွင့်ရမြို့နယ်များအဖြစ် ထပ်မံဖြည့်စွက်သတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၀။**

**ဦးကိုကိုနိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနဲ့ ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ ဦးစွာပထမနှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၈)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကိုကိုနိုင် ဖြစ်ပါတယ်။ ယနေ့ အမျိုးသားလွှတ်တော်မှာ ကျွန်တော်မေးမြန်းမယ့် မေးခွန်းကတော့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း ဝေးလံခေါင်သီပြီး သွားလာမှု အင်မတန်ခက်ခဲတဲ့ဒေသများဖြစ်ကြတဲ့ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းမှာရှိတဲ့ ရေလမ်းခရီးကိုသာ အဓိကထား အားထားသွားလာရတဲ့ ကလေးဝမြို့နယ်၊ မင်းကင်းမြို့နယ်နဲ့ မော်လိုက်မြို့နယ်များမှာ တာဝန်ထမ်းဆောင်နေရတဲ့

နိုင်ငံ့ဝန်ထမ်းများအတွက် ထိုက်သင့်သောဒေသစရိတ်ခံစားခွင့်ရရှိသော မြို့နယ်များအဖြစ် ထပ်မံဖြည့်စွက် သတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုတဲ့မေးခွန်း မေးမြန်းမှာ ဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အနေဖြင့် ဝေးလံခေါင်သီပြီး သွားလာမှုအင်မတန်ခက်ခဲတဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်များမှာရှိတဲ့ လူမှုရေးခက်ခဲတဲ့မြို့နယ်များမှာ နိုင်ငံ့တာဝန်ထမ်းဆောင်နေရတဲ့ နိုင်ငံ့ဝန်ထမ်းများအတွက် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ ဝန်ကြီးရုံးရဲ့ ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်နေ့ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၂၈၆/၂၀၁၃) ဖြင့် ဒေသစရိတ်ခံစားခွင့် ပြုပေးခဲ့ပါတယ်။ ဒေသစရိတ် ခံစားခွင့်ရရှိခဲ့ကြတဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ၊ လမ်းပန်းဆက်သွယ်ရေး အင်မတန်ခက်ခဲတဲ့ တိုင်းနဲ့ပြည်နယ်(၁၀)ခုတို့မှ မြို့နယ်(၆၅)မြို့နယ်နဲ့ မြို့ခွဲ(၄၄)မြို့တို့ကို ဒေသစရိတ် ခံစားခွင့်ပြုပေးခဲ့ပါတယ်။ သို့ပါသော်လည်းပဲ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းမှာရှိတဲ့ ချင်းတွင်းမြစ်အထက်ပိုင်းမှာရှိတဲ့ဒေသခက်ခဲတဲ့ ခန္တီး၊ ဟုမ္မလင်း၊ ဖောင်းပြင်မြို့တို့သာပါဝင်ပြီးမှ ပါလီမန်ဒီမိုကရေစီခေတ်ကလည်းကောင်း၊မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်ကလည်းကောင်း၊ ဒေသစရိတ်ခံစားခွင့် ချင်းတွင်းရှားပါးစရိတ်ရရှိခဲ့တဲ့ ကလေးဝမြို့နယ်၊ မင်းကင်းမြို့နယ်နဲ့ မော်လိုက်မြို့နယ်တို့ဟာ ဒေသစရိတ်ခံစားခွင့် မြို့နယ်ထဲမှာ မပါလာတာကို တွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မင်းကင်းမြို့နယ်ဟာ ကျေးရွာပေါင်း(၁၈၉)ရွာရှိတဲ့အနက် (၁၆၂)ရွာသည်လည်းကောင်း၊ ကလေးဝမြို့နယ်ဟာ ကျေးရွာပေါင်း(၁၂၅)ရွာရှိတဲ့အနက် (၁၀၉)ရွာသည်လည်းကောင်း၊ မော်လိုက်မြို့နယ်ဟာ ကျေးရွာပေါင်း (၇၇)ရွာရှိသည့်အနက် (၆၉)ရွာသည်လည်းကောင်း သွားလာမှုအင်မတန်ခက်ခဲတဲ့ကျေးရွာများဖြစ်ကြပါတယ်။ ထိုဒေသများမှာ တာဝန်ထမ်းဆောင်နေတဲ့ နိုင်ငံ့ဝန်ထမ်းများ ခက်ခဲစွာ တာဝန်ထမ်းဆောင်နေကြတာကို မိမိကိုယ်တိုင် ကြုံတွေ့၊ မြင်တွေ့ခံစားခဲ့ရပါတယ်။ ဒါကြောင့်မို့လို့ ဒီမြို့နယ်(၃)မြို့နယ်ဟာရေလမ်းခရီးကိုသာ အဓိကထား အားထားရခြင်း၊ နှစ်စဉ်ရေကြီးရေလျှံဖြစ်ခြင်း၊ စိုက်ပျိုးမြေရှားပါးပြီး ဒေသထွက်သီးနှံနည်းပါးခြင်း၊ မြို့ပေါ်မှလွဲ၍ အခြားမည်သည့်ကျေးရွာမှ လျှပ်စစ်မီးလုံးဝမရရှိခြင်း၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်း၊ အစစအရာရာဖွံ့ဖြိုးမှုနောက်ကျနေတဲ့ဒေသများဖြစ်တဲ့အတွက် ဒေသစရိတ်လိုအပ်ချက်တွေ များပြားနေတဲ့ ကလေးဝမြို့နယ်၊ မင်းကင်းမြို့နယ်နဲ့ မော်လိုက်မြို့နယ်များရှိ တာဝန်ထမ်းဆောင်နေတဲ့ နိုင်ငံ့ဝန်ထမ်းများအား ထိုက်သင့်သောဒေသစရိတ်ခံစားခွင့်ပြုပေးနိုင်ပါရန် အစီအစဉ် ရှိ/မရှိနှင့် အစီအစဉ်ရှိပါက မည်သည့်ကာလမှာ ထည့်သွင်းသတ်မှတ် ခွင့်ပြုပေးနိုင်မည်ကိုသိရှိလိုပါကြောင်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေလေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ချင်းပြည်နယ်၊ ဟားခါးမြို့နယ်အတွင်းရှိ ဆူရ်ခွါးကျေးရွာ (Surkhua) အား မြို့အဆင့်သို့ တိုးမြှင့်သတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၃။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးရှန်အောရ် က ချင်းပြည်နယ်၊ ဟားခါးမြို့နယ်အတွင်းရှိ ဆူရ်ခွါးကျေးရွာ (Surkhua) အား မြို့အဆင့်သို့ တိုးမြှင့် သတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၄။**

**ဦးရှန်အောရ်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)**။။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများနှင့် လေ့လာသူများ အားလုံးကို နတ်တာမောလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် အမှတ်(၂) မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးရှန်အောရ် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ချင်းပြည်နယ်၊ ဟားခါးမြို့နယ် အတွင်းမှာရှိတဲ့ ဆူရ်ခွါးကျေးရွာ (Surkhua)ကို မြို့အဆင့်သို့ တိုးမြှင့် သတ်မှတ်ပေးနိုင်ခြင်း ရှိ/မရှိဆိုတဲ့ မေးခွန်းကို မေးချင်ပါတယ်။

ဆူရ်ခွါးကျေးရွာဟာ ချင်းပြည်နယ်မြို့တော် ဟားခါးမှ တောင်ဘက်မိုင်(၅၀)ကွာ မတူပီ မြို့နယ်နယ်စပ်မှာရှိပြီး အိမ်ခြေ(၃၀၀)ခန့်နှင့် လူဦးရေ(၁၄၀၀)ခန့်ရှိတဲ့ ရွာကြီးဖြစ်ပါတယ်။ ပင်လယ် ရေမျက်နှာပြင်အထက် အမြင့်ပေ(၅၆၀၀)အမြင့်မှာ တည်ထားတဲ့ ရွာကြီးဖြစ်ပြီး အစိုးရအထက်တန်း ကျောင်း၊ အစိုးရမူလတန်းကျောင်း၊ တိုက်နယ်ဆေးရုံ၊ ရဲစခန်း၊ စာတိုက်နဲ့ကြေးနန်း၊ မီးသတ်တပ်ဖွဲ့ရုံးတို့ တည်ရှိထားတဲ့ ရွာဖြစ်ပါတယ်။ ဆူရ်ခွါးကျေးရွာကို ၁၉၆၆ ခုနှစ်၊ တော်လှန်ရေးကောင်စီ လက်ထက်မှာ မြို့နယ်ခွဲရုံးစိုက်ရာ မြို့အဖြစ်သတ်မှတ်ခဲ့တယ်။ အကျယ်အဝန်းအားဖြင့် စတုရန်းမိုင် (၆၉၀)ရှိပြီး ရွာပေါင်း(၃၃)ရွာ၊ လူဦးရေ (၁၄၀၀၀)ကျော်ရှိပါတယ်။ လူဦးရေ (၅၀၀၀၀)ကျော် နေထိုင်နိုင်တဲ့ မြေဧရိယာရှိတဲ့ ရွာကြီးဖြစ်ပါတယ်။ ဆူရ်ခွါးကျေးရွာဟာ ချင်းပြည်နယ် အလယ်ဗဟိုမှာ တည်ရှိတဲ့ အပြင် သမိုင်းအစဥ်အလာကြီးမားလှတဲ့ ရွာကြီးလည်းဖြစ်ပါတယ်။ ၁၈၉၃ ခုနှစ်၊ မတ်လ ၂၉ရက်နေ့ မှာ ဗြိတိသျှနယ်ချဲ့တို့နှင့် တိုက်ပွဲဖြစ်တဲ့အခါမှာ ရွာသား(၃၅)ဦး ကျဆုံးပြီး (၁၀)ဦးဒဏ်ရာရရှိခဲ့တယ်။ နယ်ချဲ့ဘက်ကလည်း တစ်ဦးကျဆုံးခဲ့တယ်။ စော်ဘွားကြီး ဦးမန်ကုန်း ကို ဖမ်းဆီးပြီး ပခုက္ကူထောင်ကို ပို့ခဲ့တယ်။ (၁)နှစ်ကြာတဲ့အခါမှာ သေနတ်(၅၅)လက်နဲ့ ရွေးခိုင်းပြီးတော့မှ စော်ဘွားကြီးကလွှတ်လာ ခဲ့တယ်။ သံသတ္တုလုံးဝမပါဘဲ တည်ဆောက်ခဲ့တဲ့ စော်ဘွားကြီးရဲ့ သမိုင်းဝင်အိမ်တော်ကြီးဟာ ယခု အထိရှိနေပြီး အခုအခါမှာ သူ့မြေးလက်ထက်မှာ ယဥ်ကျေးမှုပြတိုက်အဖြစ်ထိန်းသိမ်းထားလျက်ရှိပါတယ်။

ဆူရ်ခွါးကျေးရွာဟာ လမ်းပန်းဆက်သွယ်ရေး အချက်အခြာကျတဲ့ နေရာမှာလည်းရှိပါတယ်။ ဟားခါးကနေမိုင်(၅၀)၊ ရေဇွာမြို့ကို (၅၃)မိုင် ဝေးပါတယ်။ မတူပီမြို့သို့ (၁၂၅)မိုင်ဝေးတယ်။ ဟားခါး-ဂန့်ဂေါလမ်းပေါ်မှာရှိတဲ့ ဘုံဇုန်းကျေးရွာကို မိုင်(၄၀)၊ နောက် ဂန့်ဂေါမြို့သို့ မိုင်(၆၀) စသည်ဖြင့် အကွာအဝေးမှာရှိပါတယ်။ ဆူရ်ခွါးကျေးရွာကိုမြို့အဆင့် တိုးမြှင့်ပေးခြင်းအားဖြင့် မြန်မာနိုင်ငံမှာ အဆင်းရဲဆုံးပြည်နယ်ဖြစ်တဲ့ ချင်းပြည်နယ်ရှိ ကျေးလက်တောရွာတွေရဲ့ လူနေမှုအဆင့်အတန်းကို တိုးတက်မြင့်မားစေမှာဖြစ်ပြီး ဆင်းရဲမွဲတေမှုကို လျှော့ချသွားစေမှာဖြစ်တဲ့အတွက် ဆူရ်ခွါးကျေးရွာကို မြို့အဆင့်သို့ တိုးမြှင့်သတ်မှတ်ပေးရန် အစီအစဥ် ရှိ/မရှိ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး မှတစ်ဆင့် ဒေသခံပြည်သူများရဲ့ဆန္ဒကိုတင်ပြရခြင်းဖြစ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ သန္ဓေပင်ကျေးရွာအုပ်စု၊ ထိန်စွန်းကျေးရွာတွင် ၁၉၇၃ ခုနှစ်ကတည်းကမြေလွတ်ဧက(၁၄၃)ပေါ်၌ ယာယီနေထိုင်လုပ်ကိုင်စားသောက်ခွင့်ပြုထားသော အိမ်ထောင်စု(၁၄၅)စုတို့အား တရားဝင် နေထိုင်ခွင့်နှင့် နိုင်ငံတော်အစိုးရထံ မြေခွန်စသောအခွန်အခများ ပေးဆောင်ခွင့်ပြု/မပြု သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၃၆။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးဖေချစ် က ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ သန္ဓေပင်ကျေးရွာအုပ်စု၊ ထိန်စွန်းကျေးရွာတွင် ၁၉၇၃ ခုနှစ်ကတည်းက မြေလွတ်ဧက(၁၄၃)ပေါ်၌ ယာယီနေထိုင်လုပ်ကိုင်စားသောက်ခွင့်ပြုထားသော အိမ်ထောင်စု(၁၄၅)စုတို့အား တရားဝင်နေထိုင်ခွင့်နှင့် နိုင်ငံတော်အစိုးရထံ မြေခွန်စသော အခွန်အခများ ပေးဆောင်ခွင့်ပြု/မပြု သိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၆။**

**ဦးဖေချစ်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ တက်ရောက်လာကြသော ဖိတ်ကြားထားသူများအားလုံး ကိုယ်စိတ်ချမ်းသာစွာ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဦးစွာပထမ နှုတ်ဆက်ဆုတောင်း မေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဖေချစ် ဖြစ်ပါတယ်။ ကျွန်တော်ရဲ့ မေးမြန်းချက်ကို Power Point ဖြင့် ရှင်းလင်းတင်ပြခွင့် ပြုစေလိုပါတယ်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်၏ မေးမြန်းချက်ပါမှော်ဘီမြို့နယ် ထိန်စွန်းရွာသားများသည် ရန်ကုန်မြို့နယ်၊ ကမာရွတ်မြို့နယ်၊ လှည်းတန်းလမ်းမကြီးနှင့် လှည်းတန်းဈေးတစ်ဝိုက်တွင် ယာယီနေအိမ်များ၊ ဈေးဆိုင်များ ဖွင့်လှစ်တည်ဆောက်၍ (၁၀)နှစ်ကျော် နေထိုင်လုပ်ကိုင်စားသောက်ခဲ့ရာ မြို့နယ်ကောင်စီမှ ကျူးကျော်တဲများ၊ ကျူးကျော်ဆိုင်များဟု သတ်မှတ်ပြီး ၁၉၇၂ ခုနှစ် နှစ်ဦးပိုင်းမှစတင်၍ မင်္ဂလာဒုံ၊ ပျဉ်းမပင်ကျေးရွာသို့ ပြောင်းရွှေ့စေခဲ့ပါသည်။ ထိုနှစ်ဒီဇင်ဘာလမှာပင် အစိုးရရဲ့ နို့ချက်စက်ရုံ တည်ဆောက်ရေး စီမံကိန်းကြောင့် ဒုတိယအကြိမ် မိမိအစီအစဉ်ဖြင့် မှော်ဘီမြို့နယ်၊ သန္ဓေပင်ကျေးရွာအုပ်စု၊ ဗွက်ကြီးကျေးရွာအုပ်စုနှင့် စိန်ရွှေကုန်းကျေးရွာအုပ်စုကြားရှိ ဧက(၁၅၀)ခန့် မြေကွက်မှာ ယာယီပြောင်းရွှေ့ခဲ့ရပါတယ်။ မှော်ဘီမြို့နယ်၊ မ.ဝ.တ နှင့် အမှတ်(၂)သံချပ်ကာ တင့်ကားတပ်ရင်း တပ်ရင်းမှူးတို့ ခွင့်ပြုချက်ဖြင့် ၁၉၇၃ ခုနှစ်၊ ဇန်နဝါရီလမှစ၍ အိမ်ထောင်စု(၅၈)စုမှ ငါးအိမ်တန်းအမည်ဖြင့် မုန်လာ၊ သခွား၊ ရွှေဖရုံ၊ ကင်မွန်းချဉ်၊ ပန်းသပြေပင်များ စိုက်ပျိုးရောင်းချပြီး နေထိုင်လာခဲ့ပါတယ်။

ထို့နောက် အနယ်နယ်အရပ်ရပ်မှ ရေကြည်ရာ မြက်နုရာ အသက်မွေးဝမ်းကျောင်း ရှာဖွေလုပ်ကိုင်စားသော မြန်မာတိုင်းရင်းသားများ၊ မြန်မာနိုင်ငံသားများ လာရောက်နေထိုင်ကြသောကြောင့် မိသားစု(၂၀၀)၊ အိမ်ခြေ(၁၄၀)ဖြစ်လာခဲ့ပါတယ်။ ထိန်စွန်းရွာသားများသည် ကိုယ့်အားကိုယ်ကိုး ကိုယ်ထူကိုယ်ထစနစ်ဖြင့် အောက်ပါရပ်ရွာဖွံ့ဖြိုးရေးများကို ဆောင်ရွက်ပြီးဖြစ်ပါတယ်။ (၁) ရွာတွင်းနှင့် ရွာပြင်ပကျေးရွာချင်းဆက်လမ်းများကို ကွန်ကရစ်လမ်းခင်းခြင်း၊ ကတ္တရာလမ်းခင်းခြင်း။ (၂)

လျှပ်စစ်မီတာ Box (၁၅၀)လုံးဖြင့် ကျေးရွာမီးလင်းရေး ဆောင်ရွက်ခြင်း။ (၃) ဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်း (၄.၄)ဧက မြေကွက်တွင် တည်ဆောက်ပြီးစီးခြင်း။ (၄) အဝီစိစက်ရေတွင်းတူးပြီး ရေပိုက်ဖြင့် ရေပို့ပေးခြင်းကို ရပ်ရွာမတည်ငွေဖြင့် Max Myammar ကုမ္ပဏီမှ တည်ဆောက်ပေးခြင်း။ မ.ဝ.တ နှင့် မ.ယ.က ခေတ်များပြောင်းလဲလာပြီးသည့် နောက်ပိုင်းတွင် ထိန်စွန်းကျေးရွာသည် ဗွက်ကြီးအုပ်စု၊စိန်ရွှေကုန်းအုပ်စုနှင့် သန္ဓေပင်အုပ်စုများအောက်သို့ပြောင်းလဲခဲ့ရပြီး ရပ်/ကျေးအုပ်ချုပ်ရေးမှူးအဆက်ဆက် မည်သည့်အခွင့်အရေးမှမရဘဲ အဆိုပါ အုပ်ချုပ်ရေးမှူးတို့၏ နှုတ်မိန့်ဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေနှင့် အခြားလူမှုရေးဆိုင်ရာရန်ပုံငွေများကို ထည့်ဝင်နေခဲ့ရပါတယ်။ ၂၀၁၅ ခုနှစ်မှစ၍ အခြေတကျ နေအိမ်အဆောက်အဦရှိရာ မြေကွက်များသည် စားကျက်မြေ သို့မဟုတ် ပလပ်မြေများတွင် ပါဝင်နေခြင်း ရှိ/မရှိကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ ရန်ကုန်မြို့တော်ဝန်ရုံးတွင် သွားရောက်စုံစမ်း မြေပုံကူးယူကာ စိစစ်ခဲ့ရပါတယ်။

သို့ဖြစ်ပါ၍ နှစ်(၄၀)ကျော် နေထိုင်လုပ်ကိုင် စားသောက်ခွင့်ရရှိခဲ့သော်လည်း ယခုအခါ သက်ဆိုင်ရာကျေးရွာအုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့မှ တင်ပြပါ အိမ်ထောင်စု (၁၄၅)အုပ်စုတို့ အခြေတကျနေထိုင်တည်ဆောက် ကွန်ကရစ်လမ်းတွေဖောက်၊ ရေစုပ်စက်တွေ၊ လျှပ်စစ်မီးတွေ ပြည့်ပြည့်စုံစုံ ကိုယ့်အားကိုယ်ကိုး ဆောင်ရွက် ------- (ဩဘာသံများ)

အင်းစိန်မြို့၊ အင်းစိန်စီရင်စု မြေပုံ (က)



ကိုယ်ထူကိုယ်ထစနစ်ဖြင့် ဖောက်လုပ်ထားသော လမ်း၏ မြင်ကွင်းပုံ (က-၁)



ဘုန်းကြီးကျောင်း မြင်ကွင်းပုံ (က-၂)




**အချိန်၊ ၁၀း၄၀။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၄၀။**

**ဗိုလ်ချုပ်အောင်စိုး(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ အားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ပြည်ထဲရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုး ဖြစ်ပါတယ်။ မေးခွန်း(၃)ခုကို တစ်ခုချင်း ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ပထမဦးစွာ စစ်ကိုင်းတိုင်းဒေသကြီး၊ အမှတ်(၈)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကိုကိုနိုင် မေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ် ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ ၁၉၉၃ ခုနှစ်၊ ဒေသစရိတ်ခံစားခွင့်များ သတ်မှတ်စဥ် ဖြစ်ပေါ်နေတဲ့မြို့နယ်အသီးသီးရဲ့ လူမှုရေးအခက်အခဲအခြေအနေများလည်း ပြောင်းလဲမှုများရှိနေခြင်းကြောင့် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနက ၂၀၁၂ ခုနှစ်၊ မတ်လ ၁၅ ရက်နေ့ အမိန့်ကြော်ငြာစာအမှတ် (၁၀၁/၂၀၁၂)နဲ့ ဒေသစရိတ်ခံစားခွင့်ရှိတဲ့မြို့နယ်များနဲ့ ဒေသအလိုက်နှုန်းထားများ ထပ်မံပြင်ဆင် သတ်မှတ်ခဲ့ပါတယ်။ ထိုသို့ သတ်မှတ်ရာမှာ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှာရှိတဲ့ ကလေးဝ၊ မင်းကင်း၊ မော်လိုက်မြို့နယ်တို့ဟာ ဒေသစရိတ်ရရှိခဲ့ခြင်းမရှိကြောင်း သိရှိရပါတယ်။

ဒါ့အပြင် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနရဲ့ ၂၀၁၃ ခုနှစ်မှာ ထုတ်ပြန်ခဲ့တဲ့ အမိန့်ကြော်ငြာစာအမှတ် (၂၈၆/၂၀၁၃)နှင့်(၁၅၁၃/၂၀၁၃)တို့အရ ဝေးလံခေါင်သီပြီး လူမှုရေးခက်ခဲတဲ့ဒေသတွေကို လေ့လာစိစစ်ပြီး ဒေသစရိတ်ခံစားခွင့်ရှိသော မြို့နယ်၊ မြို့နယ်ခွဲများအဖြစ် ထပ်မံဖြည့်စွက် ပြင်ဆင်၍ ဒေသစရိတ်များ ခံစားခွင့်ပြုခဲ့ပါတယ်။ ထိုသို့ ထပ်မံခံစားခွင့်ပြုခဲ့ရာမှာလည်း စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှာရှိတဲ့ ကလေးဝ၊ မင်းကင်းနဲ့ မော်လိုက်မြို့နယ်တို့ဟာလည်း ပါဝင်လာခဲ့ခြင်းမရှိကြောင်း စိစစ်သိရှိရပါတယ်။

ယင်းသို့ မြို့နယ်တစ်ခုလုံး၌ ရပ်ကွက်/ကျေးရွာအုပ်စုအားလုံးကို တစ်ပြေးညီ ခံစားခွင့်ပြုခြင်း၊ မပြုခြင်းမှာ မသင့်လျော်တဲ့အတွက်ကြောင့်မို့လို့ ပြန်လည်စိစစ်နိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ ၂၀၁၅ ခုနှစ်၊ မေလ ၇ ရက်၊ အမိန့်ကြော်ငြာစာအမှတ်(၄၃/၂၀၁၅)နဲ့ ဝေးလံခေါင်သီပြီး လူမှုရေးခက်ခဲတဲ့ဒေသများအဖြစ် ပြန်လည် သတ်မှတ်နိုင်ရေးအတွက် ပြည်ထောင်စုအဆင့် စိစစ်ရေးကော်မတီကို ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးမှ ဥက္ကဋ္ဌနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များမှ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးများ အပါအဝင် အဖွဲ့ဝင်(၂၇)ဦးနှင့် ဖွဲ့စည်းခဲ့ပြီး စိစစ်ဆောင်ရွက်ရန် လုပ်ငန်းတာဝန်(၅)ရပ်ကို သတ်မှတ် ပြဋ္ဌာန်းပေးခဲ့ပါတယ်။ ပြည်ထောင်စုအဆင့်စိစစ်ရေးကော်မတီမှ ၂၀၁၅ ခုနှစ်၊ မေလ ၁၈ ရက်၊ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၁၅)နဲ့ ဝေးလံခေါင်သီပြီး လူမှုရေးခက်ခဲတဲ့ဒေသများအဖြစ် သတ်မှတ်ရေး စိစစ်ဆောင်ရွက်နိုင်ဖို့အတွက် တိုင်းဒေသကြီး/ပြည်နယ်အဆင့် စိစစ်ရေးကော်မတီများကိုဖွဲ့စည်းပြီး အဆိုပါ ကော်မတီများရဲ့ လုပ်ငန်းတာဝန်များကိုလည်း သတ်မှတ်စိစစ် ဆောင်ရွက်စေခဲ့ပါတယ်။ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အဆင့် စိစစ်ရေးကော်မတီများက ပြဋ္ဌာန်းသတ်မှတ်ထားတဲ့ အချက်(၁၀)ချက်ကို အခြေခံစိစစ်ပြီး အမှတ်ပေး

စနစ်ဖြင့် ဆောင်ရွက်ခဲ့ပါတယ်။ ဆောင်ရွက်ရာမှာ ရမှတ်(၄၁)မှတ်မှ အမှတ်(၆၀)အထိကို ဝေးလံခေါင်သီ၍ လူမှုရေးအသင့်အတင့်ခက်ခဲသောဒေသများအဖြစ်လည်းကောင်း၊ ရမှတ်(၆၁)မှတ်မှ(၈၀)အထိ ဝေးလံခေါင်သီ၍ လူမှုရေးခက်ခဲသောဒေသများအဖြစ်လည်းကောင်း၊ ရမှတ်(၈၁)မှ(၁၀၀)အထိရရှိတဲ့မြို့၊ ကျေးရွာအုပ်စုများကို ဝေးလံခေါင်သီ၍ လူမှုရေးအခက်ခဲဆုံးသောဒေသများအဖြစ်လည်းကောင်း အဆင့်(၃)ဆင့်သတ်မှတ်ပြီး ပြည်ထောင်စုအဆင့် စိစစ်ရေးကော်မတီသို့ ဆက်လက် ပေးပို့ခဲ့ပါတယ်။

ပြည်ထောင်စုအဆင့် စိစစ်ရေးကော်မတီမှ ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြ အတည်ပြုချက်ရယူခဲ့ပြီး ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနရဲ့ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်၊ အမိန့်ကြော်ငြာစာအမှတ်(၂၆/၂၀၁၆)နှင့် ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် ဒေသစရိတ်ခံစားခွင့်ရှိတဲ့ဒေသများကို ပြန်လည်ပြင်ဆင် ပြောင်းလဲသတ်မှတ်ပေးခဲ့ပါတယ်။

ထိုသို့သတ်မှတ်ရာမှာ စစ်ကိုင်းတိုင်းဒေသကြီး စိစစ်ရေးကော်မတီမှ ကလေးဝမြို့နယ်နှင့် မင်းကင်းမြို့နယ်အတွင်းရှိဒေသများကို အခြေခံပေးမှတ်(၄၀)အောက်သာ စိစစ် တင်ပြခဲ့တဲ့အတွက် ဒေသစရိတ်ခံစားခွင့်များ မရရှိခဲ့ပါဘူး။ သို့ရာတွင် စစ်ကိုင်းတိုင်းဒေသကြီး စိစစ်ရေးကော်မတီရဲ့ စိစစ်ချက်အရ မော်လိုက်မြို့နယ်အတွင်းမှာရှိတဲ့ ခါဝဲကျေးရွာအုပ်စု၊ ခါတွန်ကျေးရွာအုပ်စု၊ ယူးဝကျေးရွာအုပ်စု၊ ဝါးရုံသာကျေးရွာအုပ်စု၊ ပန်းသာကျေးရွာအုပ်စု၊ ကောင်းကွေကျေးရွာအုပ်စု၊ ကြုတ်သာကျေးရွာအုပ်စု၊ လောသာကျေးရွာအုပ်စု၊ စုစုပေါင်း ကျေးရွာအုပ်စု(၈)စုကိုတော့ ဝေးလံခေါင်သီပြီး လူမှုရေးခက်ခဲသောဒေသများအဖြစ် ထောက်ခံတင်ပြလာခဲ့တဲ့အတွက် ပြည်ထောင်စုအဆင့် စိစစ်ရေးကော်မတီမှလည်း တင်ပြချက်အတိုင်း သတ်မှတ် ခံစားခွင့်ပြုခဲ့ပါတယ်။

ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ ၂၀၁၆ ခုနှစ်၊ ဇွန်လ ၂၁ ရက် အမိန့်ကြော်ငြာစာအမှတ်(၅၀/၂၀၁၆)နှင့် အဆိုပါပြည်ထောင်စုအဆင့်စိစစ်ရေးအဖွဲ့ကို ပြန်လည်ပြင်ဆင် ဖွဲ့စည်းခဲ့ပြီးဖြစ်ပါတယ်။ ပြည်ထောင်စုအဆင့်စိစစ်ရေးအဖွဲ့အနေနဲ့ ဝေးလံခေါင်သီ၍ လူမှုရေးခက်ခဲသောဒေသများကို (၂)နှစ် တစ်ကြိမ် ပြန်လည်စိစစ်ရမှာ ဖြစ်ပါတယ်။ သို့ပါ၍ တိုင်းဒေသကြီး အားလုံးသို့ ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလမှစပြီး တိုင်းဒေသကြီး/ပြည်နယ်အဆင့် စိစစ်ရေးကော်မတီများက သတ်မှတ်ပေးထားတဲ့ အမှတ်ပေးစနစ်နဲ့အညီ လက်တွေ့မြေပြင် အမှန်တကယ်လိုအပ်နေတဲ့အခြေအနေကို စိစစ်ခြင်း၊ ပြည်ထောင်စုအဆင့် စိစစ်ရေးအဖွဲ့မှလည်း လိုအပ်သည့်စိစစ်မှုများကို ဆောင်ရွက်ခြင်း၊ ဒေသစရိတ်ခံစားခွင့်ရှိသောဒေသများကို ပြင်ဆင်သတ်မှတ်နိုင်ရေးအတွက် ပြည်ထောင်စုအစိုးရသို့ ဆက်လက်တင်ပြကာ ၂၀၁၈ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစ၍ ဒေသစရိတ် အသစ်ခံစားမှုအား ဆောင်ရွက်နိုင်ရေး ဆက်လက် စီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ချင်းပြည်နယ် အမှတ်(၂)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးရှန်အောရ် မေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ် ဆက်လက်ပြီး ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၅၄မှာ သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အတွင်းမှာရှိတဲ့ ကျေးရွာ၊ ကျေးရွာအုပ်စု၊ ရပ်ကွက်၊ မြို့၊ မြို့နယ် သို့မဟုတ် ခရိုင်နယ်နိမိတ်များ ပြင်ဆင်ရန်၊ ဖွဲ့စည်းရန်

သို့မဟုတ် အမည်ပြောင်းလဲရန်ပေါ်ပေါက်လျှင် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဝန်ကြီးချုပ်က နိုင်ငံတော်သမ္မတထံ ထောက်ခံတင်ပြပြီး နိုင်ငံတော်သမ္မတက လိုအပ်သလို ဆောင်ရွက်ပေးရမည်ဟု ပြဋ္ဌာန်းပါရှိပါတယ်။

လမ်းပန်းဆက်သွယ်ရေးကောင်းမွန်၍ စီးပွားရေး၊ လူမှုရေးဆိုင်ရာကိစ္စရပ်များ ဖွံ့ဖြိုးတိုးတက်ပြီး အောက်ဖော်ပြပါ မြို့အင်္ဂါရပ်(၂၁)ချက်နှင့်ကိုက်ညီမှုရှိတဲ့ ကျေးရွာ သို့မဟုတ် ကျေးရွာများ သို့မဟုတ် ကျေးရွာအုပ်စု သို့မဟုတ် ကျေးရွာအုပ်စုများကို မြို့အဖြစ် တိုးချဲ့ဖွဲ့စည်းခြင်းကိစ္စရပ်နှင့် စပ်လျဉ်းပြီး သက်ဆိုင်ရာ တိုင်း/ပြည်နယ်ဝန်ကြီးချုပ်များမှ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၅၄ နှင့်အညီ စိစစ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ အိမ်ခြေအနည်းဆုံး (၁၀၀၀)၊ လူဦးရေအနည်းဆုံး (၅၀၀၀)၊ ဈေးမြေဧရိယာ၊ ဘောလုံးကွင်းမြေဧရိယာ၊ ကလေးများအပန်းဖြေရန် ဥယျာဉ်ကစားကွင်း၊ (၁၆)ခုတင်ဆံ့ ဆေးရုံ၊ ဘာသာရေးဆိုင်ရာနေရာများ၊ ကုန်ထုတ်လုပ်မှုဆိုင်ရာနေရာများ၊ ကျေးရွာဘုံမြေ၊ ကျေးရွာထင်းစိုက်ခင်း၊ အုပ်ချုပ်ရေးမှူးရုံးနှင့် စာကြည့်တိုက်၊ အခြေခံပညာမူလတန်း၊ အလယ်တန်း၊ အထက်တန်း ကျောင်းနှင့် လျှပ်စစ်မီးရရှိမှုဖြန့်ဖြူးနိုင်မှုအခြေအနေ၊ ဆက်သွယ်ရေးအိတ်ချိန်းရုံး၊ စာတိုက်၊ လမ်းပန်းဆက်သွယ်ရေးအခြေအနေ၊ သောက်သုံးရေရရှိမှု၊ တိုးတက်လာမည့်လူဦးရေအတွက် မြို့ဧရိယာတိုးချဲ့မည့် အစီအမံ၊ ကုန်စည်ဒိုင်၊ လက်ကားဒိုင်၊ စီးပွားရေးလုပ်ကိုင်ခွင့် အခွင့်အလမ်းနှင့် အလုပ်အကိုင်ရရှိမှု အခွင့်အလမ်းများအခြေအနေ၊ ဘူတာရုံ၊ သင်္ဘောဆိပ်၊ ကားဂိတ်၊ စနစ်တကျ နေရာချထားမှု အခြေအနေ၊ တိရစ္ဆာန်များထိန်းကျောင်းမှုအခြေအနေ၊ အမှိုက်သရိုက်စွန့်ရန် မြေနေရာ၊ မိလ္လာစွန့်ရန် မြောင်းတူးသည့်မြေနေရာ၊ သင်္ချိုင်းမြေနေရာ အခြေခံအချက်(၂၁)ချက် ဖြစ်ပါတယ်။

ချင်းပြည်နယ်၊ ဟားခါးခရိုင်၊ ဟားခါးမြို့နယ်အတွင်းရှိ ရပ်ကွက်(၆)ရပ်ကွက်၊ ကျေးရွာအုပ်စု (၃၀)၊ ကျေးရွာ(၆၉)ရွာတို့ဖြင့် ဖွဲ့စည်းထားရှိပြီး အိမ်ခြေ(၉၁၅၀)လုံး၊ အိမ်ထောင်စု(၉၇၂၃)စု၊ လူဦးရေ (၄၅၂၉၂)ဦး နေထိုင်လျက်ရှိပါတယ်။ ဟားခါးမြို့နယ်အတွင်းရှိ ဆူရ်ခွါးကျေးရွာအုပ်စုကို ဆူရ်ခွါး ကျေးရွာတစ်ရွာတည်းဖြင့်သာ ဖွဲ့စည်းထားပြီး အိမ်ခြေ(၂၄၈)လုံး၊ အိမ်ထောင်စု(၂၄၈)စု၊ လူဦးရေ (၁၁၇၃)ဦး နေထိုင်လျက်ရှိပါတယ်။

ဟားခါးမြို့နယ်၊ ဆူရ်ခွါးကျေးရွာကို မြို့အဖြစ် တိုးမြှင့်ပေးရန် အထက်အပိုဒ် ၂ ပါ မြို့အင်္ဂါရပ် သတ်မှတ်ချက်(၂၁)ချက်နှင့် ကိုက်ညီမှု ရှိ/မရှိ သက်ဆိုင်ရာ ပြည်နယ်အစိုးရမှစိစစ်ခဲ့ရာ အပိုဒ်ခွဲ(င)၊ (စ)၊(ဇ)၊ (ဈ)၊ (ည)၊ (ဋ)၊ (ဌ)၊ (ဍ)၊ (ပ)၊ (ဏ) စတဲ့မြို့အင်္ဂါရပ် (၁၀)ချက်သာကိုက်ညီမှုရှိပြီး ကျန် သတ်မှတ်ချက် (၁၁)ချက်အား စိစစ်ဆောင်ရွက်နေဆဲဖြစ်ကြောင်း သိရှိရပါတယ်။ ဒါ့အပြင် ၂၀၁၆ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ ချင်းပြည်နယ်အစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ် (၁၈/၂၀၁၆) ဆုံးဖြတ်ချက် အပိုဒ်(၁၀)မှာလည်း ခေတ္တဆိုင်းငံ့ထားရန် ဆုံးဖြတ်ထားပါသဖြင့် လက်ရှိ အခြေအနေမှာ မြို့အဖြစ်ဖွဲ့စည်းရန် အစီအစဉ် မရှိသေးပါကြောင်း ချင်းပြည်နယ်အစိုးရအဖွဲ့၏ ပေါင်းစပ်ညှိနှိုင်းဖြေကြားချက်အရ ပြန်လည်ရှင်းလင်း တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင် ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး အမှတ်(၉)မဲဆန္ဒနယ်

အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဖေချစ် ရဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ်မှာ ပြန်လည် ဖြေကြားသွားမှာ ဖြစ်ပါတယ်ခင်ဗျား။ ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနရဲ့ ၁၉၇၃ ခုနှစ်၊ မေလ ၂၅ ရက်စွဲနဲ့ စာအမှတ်၊ ၃/၁၉၃/အထ(၂)ဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ သန္ဓေပင်ကျေးရွာအုပ်စု၊ ထိန်စွန်းကျေးရွာကို မြေဧက(၂၇၃.၆၃)ဧကဖြင့် ကျေးရွာအဖြစ် စတင်ဖွဲ့စည်းထားရှိခဲ့ပြီးဖြစ်ပါတယ်။ မှော်ဘီမြို့နယ်၊ သန္ဓေပင်ကျေးရွာအုပ်စု၊ ထိန်စွန်းကျေးရွာဟာ ယခုအချိန်မှာ အိမ်ခြေ(၆၈၀)လုံး၊ အိမ်ထောင်စု (၆၉၂)စု၊ လူဦးရေ(၃၂၂၆)ဦး နေထိုင်လျက်ရှိပါတယ်။ ၁၉၉၉-၂၀၀၀ ခန့်မှာ ထိန်စွန်းကျေးရွာအနီးမှာရှိတဲ့ မြေကွက်လပ်မှာ အိမ်ထောင်စုအချို့မှ ကျူးကျော်ဝင်ရောက် နေထိုင်ခဲ့တဲ့အခါမှာ ယခုအချိန်မှာ အိမ်ခြေ(၈၄)လုံး၊ အိမ်ထောင်စု(၈၉)စု၊ လူဦးရေ(၁၆၇)ဦးရှိကြောင်း သိရှိရပါတယ်။

အဆိုပါ ကျူးကျော်မြေကွက်မှာ ကွင်းအမှတ်(၅၂၂)၊ အကွက်အမှတ်(၆၆၇) စားကျက်မြေ ဧရိယာ(၁၂၃.၃၇)ဧကဖြစ်ပြီး ၁၉၉၂-၁၉၉၃ ခုနှစ်မှာ ၎င်းမြေကို မှော်ဘီမြို့နယ်၊ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနမှ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီသို့ လွှဲပြောင်းပေးခဲ့ကြောင်းလည်း သိရှိရပါတယ်။ ထိုသို့ လွှဲပြောင်းပေးခဲ့သော်လည်း ၎င်းမြေမှာ စားကျက်မြေအဖြစ်သာတည်ရှိနေပြီး စားကျက်မြေ ပယ်ဖျက်ထားခြင်းမရှိသေးကြောင်း စိစစ်သိရှိရပါတယ်။ သို့သော်လည်း ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ သန္ဓေပင်ကျေးရွာအုပ်စု၊ ထိန်စွန်းကျေးရွာအနီးမှာရှိတဲ့ စားကျက်မြေပေါ်မှာ ကျူးကျော်နေထိုင်နေတဲ့မြေပေါ်မှာ ထိန်စွန်းကျေးရွာအုပ်စု ကျေးရွာမြေတိုးချဲ့ရေးအတွက် တိုးချဲ့သတ်မှတ်နိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရမှ ညှိနှိုင်းဖြေကြားထားပါတယ်။ ၎င်းစားကျက်မြေ ပယ်ဖျက်ခြင်းလုပ်ငန်းအပါအဝင် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ကြီးကြပ်မှုဖြင့် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တိုင်းဒေသကြီးအဖွဲ့ရဲ့ကိုယ်စား ပြန်လည်ရှင်းလင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော နိုင်ငံ့ဝန်ထမ်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို အသိပေးတင်ပြခြင်း**

**အချိန်၊ ၁၀း၅၀။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံ့ဝန်ထမ်းဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၂)ရက်မြောက် ၁၀-၈-၂၀၁၆ ရက်နေ့တွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌက အဆိုတင်သွင်းပြီး ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၄)ရက်မြောက် ၂၀-၉-၂၀၁၆ ရက်နေ့တွင် ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။

ယခု အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော နိုင်ငံ့ဝန်ထမ်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာပါတယ်။

ပြည်သူ့လွှတ်တော်ကပေးပို့သော ပြင်ဆင်ချက်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော နိုင်ငံ့ဝန်ထမ်းဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

**အချိန်၊ ၁၀း၅၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်က ပေးပို့လာသော ပြင်ဆင်ချက်ကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက ပြင်ဆင်လိုသည့်အပိုဒ်၊ အပိုဒ်ခွဲအလိုက် အသေးစိတ် ဖော်ပြလက်မှတ်ရေးထိုးပြီး ၂၂-၁၁-၂၀၁၆ ရက် (အင်္ဂါနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ ရပ်နားကြောင်းနှင့် တတိယနေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၀း၅၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး တတိယနေ့ကို ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက်(သောကြာနေ့) နံနက် ၁၀း၀၀ နာရီ အချိန်မှာ ဆက်လက် ကျင်းပမည် ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေးဒုတိယနေ့ကို၁၀း၅၂ နာရီအချိန်တွင် ရပ်နားပါသည်။]